ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး
# ရေချိုငါးလုပ်ငန်း ဥပဒေ

(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄/ ၂၀၁၈)

# ၂၀၁၈ခုနှစ်

# ရောဝတီတိုင်းဒေသကြီး
# ရေချိုငါးလုပ်ငန်းဥပဒေ

(ရောဝတီတိုင်းဒေသကြီး လွှတ်တော်
ဥပဒေအမှတ် - ၄ /၂၀၁၈ )

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း(၁)** | |
| ၁။ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် ------------------------ | ၁ |
| | **အခန်း(၂)** | |
| ၂။ | ရည်ရွယ်ချက်များ -------------------------------------- | ၉ |
| | **အခန်း(၃)** | |
| ၃။ | အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်များလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း ------------- | ၁၀ |
| | **အခန်း(၄)** | |
| ၄။ | အခွန်အခများပေးဆောင်ခြင်း ------------------------- | ၁၂ |
| | **အခန်း(၅)** | |
| ၅။ | ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ ----------------------------------- | ၁၃ |
| | **အခန်း(၆)** | |
| ၆။ | ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ -------------------- | ၁၄ |
| | **အခန်း(၇)** | |
| ၇။ | တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ------ | ၁၆ |

**အခန်း(၈)**

၈။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း
နှင့် မှတ်ပုံတင်ခြင်း ---------------------------------- ၁၉

**အခန်း(၉)**

၉။ စစ်ဆေးခြင်းနှင့် အရေးယူခြင်း ---------------------------- ၂၁

**အခန်း(၁၀)**

၁၀။ ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း --------------- ၂၂

**အခန်း(၁၁)**

၁၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း ------------------ ၂၄

**အခန်း(၁၂)**

၁၂။ အယူခံခြင်း ---------------------------------------- ၂၅

**အခန်း(၁၃)**

၁၃။ တားမြစ်ချက်များ ------------------------------------ ၂၈

**အခန်း(၁၄)**

၁၄။ ပြစ်ဒဏ်များ ---------------------------------------- ၃၁

**အခန်း(၁၅)**

၁၅။ အထွေထွေ ---------------------------------------- ၃၃

# ၂၀၁၈ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ
# (ရောဝတီတိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ် - ၄ /၂၀၁၈ )

၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်
( ၂၀၁၈ ခုနှစ်၊ ဧပြီ လ ၁၀ ရက် )

ရောဂတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ( ၁ )
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၈ခုနှစ်၊ ရောဂတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာရောဂတီတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရအဖွဲ့** ဆိုသည်မှာ ရောဂတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာန ၏ ဝန်ကြီးကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ရေချိုငါးလုပ်ငန်း နှင့် သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကို ဆိုသည်။

(စ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝ အစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌ နေထိုင် ကျက်စားသည့် ရေသတ္တဝါ အားလုံးနှင့် ယင်းတို့၏ ဥများ၊ သား လောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်း စကားရပ်တွင် ရေတွင် ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဆ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်မှ ရရှိသော ငါး၊ သက်ရှိသတ္တဝါများ၊ ယင်းတို့၏စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါး နှင့် ရေသတ္တဝါ များ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်း စကားရပ် တွင် ပင်လယ်လိပ်နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ကဏန်း၊ ငါး ကြီးအန်ဖတ်၊ ကမာခွံ၊ပင်လယ်ခရုခွံ၊ယောက်သွား၊ သန္တာကျောက် ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော်၊ ပင်လယ် မျှော့ စသည်များလည်းပါဝင်သည်။

(ဇ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကား ရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်း ရှာဖွေခြင်း၊ သုတေ သနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင် မွမ်းမံ ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံရှာဖွေခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်း များအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ် ငန်းများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသောပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းသည့် မည်သည့် ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(ဌ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြစ်စေ ရွေ့လျား သွားလာနိုင်သည့် မည်သည့် ယာဉ်ကို မဆို ဆိုသည်။

(ဍ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးနှင့်ရေထွက်ပစ္စည်းများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်၊ ထုပ်ပိုး၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

(ဎ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများကို မူလအခြေ အနေ အတိုင်းဖြစ်စေ သို့မဟုတ် တစ်နည်းနည်းဖြင့်ဖြစ်စေ ပြင်ဆင် ပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သန့်ရှင်း စင်ကြယ်ခြင်း၊ ရေခဲရိုက်ခြင်း၊ အေးခဲခြင်း၊ ဖြတ်တောက်ခြင်း၊ ကျပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးကြေမှုန့် ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးမှ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဏ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စားခိုအောင်း ပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို

ဆိုသည်။ ယင်းစကားရပ်တွင် အငှားဂရန်အင်း၊ သီးသန့်အင်း၊ တိုင်းဒေသကြီးအစိုးရဌာန တစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်းဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ ဥချသည့်အသိုက်များ၊ ကျင်းများ၊ ရေချို၊ ရေငန်စပ်ဒေသများ စသည်တို့လည်း ပါဝင်သည်။ ထို့ပြင် ပင်လယ်နှင့် ဆက်စပ်သည့် မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏ တစ်ဖက်ကမ်းအစွန်ဆုံးမှ အခြားတစ်ဖက်ကမ်းအစွန်ဆုံးကိုဆွဲထားသည့် မျဉ်းဖြောင့်၏ ကုန်းတွင်းပိုင်းရေပြင်သည် ရေချို ငါးလုပ်ငန်းရေပြင်ဖြစ်သည်။

(တ) **အင်းအိုင်ဆိုသည်မှာ-**

(၁) အငှားချထားနိုင်သော အင်းအိုင် သို့မဟုတ် ဂရန်အင်း (Leasable Fishery)၊

(၂) သီးသန့်ချထား သည့်အင်းအိုင် (Reserved Fishery)၊

(၃) အများနှင့်ဆိုင်သော အင်းအိုင် သို့မဟုတ် ဘုံ ငါးဖမ်းလုပ်ကွက်(Open Fishery)၊

(၄) ကာကွယ်တားမြစ်ထားသည့် အင်းအိုင် (Protected Fishery) ကိုဆိုသည်။

(၁) **ဂရန်အင်း (အငှားချထားနိုင်သောအင်း) (Leasable Fishery)** ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(၂) **သီးသန့်အင်း(Reserved Fishery)** ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုး ပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို

အချိန်ကာလဖြင့်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသော ရေပြင် သို့မဟုတ် ကန့်သတ်တားမြစ်ထားသော ရေပြင်ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုထားသည့် ရေပြင်လည်း ပါသည်။

(၃) **အများနှင့်ဆိုင်သောအင်း(ဘုံငါးဖမ်းလုပ်ကွက်) (Open Fishery)** ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ လိုင်စင်ဖြင့်ဖြစ်စေ၊ အခွန်လွတ်ဖြင့်ဖြစ်စေ လူဦးရေမည်မျှကိုမဆို ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(၄) **ကာကွယ်တားမြစ်ထားသည့်အင်း** (Protected Fishery) ဆိုသည်မှာ ငါးလုပ်ငန်းဆိုင်ရာ သုတေသန ပြုရန် ခွင့်ပြုထားသည့် ကိစ္စမှအပ မည်သူမျှ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် ဦးစီးဌာနက တားမြစ်မိန့်ထုတ်ပြန်ထားသော ရေပြင်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဘေးမဲ့အင်းလည်းပါဝင်သည်။

(ထ) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးထားသည့် အငှားဂရန်ကို ဆိုသည်။

(ဒ) **နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)** ဆိုသည်မှာ အင်းများ ငါးထုတ်လုပ်မှု ရေရှည်ကောင်းမွန်စေရန်နှင့် ပျက်စီးခြင်းမှကာကွယ်နိုင်ရန်အတွက် အင်းများကို ပြင်ဆင်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချန်လုပ်မွေးမြူခြင်းများနှင့် ငါးလုပ်

F3A

ငန်း လုပ်ကိုင်ခြင်းများကို လေလံရရှိသည့်နှစ်မပါ၊ ၃ နှစ် အထိ နှစ်ရှည်လုပ်ကိုင်ခွင့်ပြုခြင်းကို ဆိုလိုသည်။

(ဓ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း) မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။ ဤစကားရပ်တွင် ငါးဖမ်းကိရိယာလိုင်စင်လည်း ပါဝင်သည်။

(န) **တင်ဒါလိုင်စင်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါငါးဖမ်းကွက်များ သတ်မှတ်၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုခြင်းကို ဆိုသည်။

(ပ) **တင်ဒါငါးဖမ်းကွက်** ဆိုသည်မှာ သတ်မှတ်ထားသည့် ရေချိုငါး လုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ငါးဖမ်းကွက်ကိုဆိုသည်။

(ဖ) **တင်ဒါချက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် သတ်မှတ် ထားသော ငါးဖမ်းကွက်နေရာ၌ သတ်မှတ်ထားသော ငါးဖမ်းကိရိယာအမျိုးအစားများကိုကိရိယာအရေအတွက်အလိုက် လိုင်စင်ခွန်ပေးဆောင်၍ တင်ဒါချက်လုပ်ကိုင်ခွင့်ကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် လေလံဆွဲဝယ်လုပ်ကိုင်ခွင့်ပြုထားသောငါးဖမ်း လုပ်ငန်းလုပ်ကိုင်သည့် နေရာကိုဆိုသည်။

(ဗ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အချိန်ကာလ** ဆိုသည်မှာ အင်းသား ကြီးများ အင်းလုပ်ကိုင်ခွင့် အချိန်ကာလ၊ ငါးရစ်၊ ငါးသန် အချိန်ကာလနှင့် ရေပေါ်ရေလျှံရေလုပ်သားများ ငါးရှာစားခွင့် အချိန်ကာလတို့ကို ဆိုသည်။

(၁) **အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့် အချိန်ကာလ** ဆိုသည်မှာ အင်းတစ်အင်းချင်းစီ၏ စည်းကမ်းချက်ပါ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလကို ခေါ်သည်။

F3B

(၂) **ငါးရစ်၊ ငါးသန်အချိန်ကာလ** ဆိုသည်မှာ ငါးရစ်၊ ငါးသန်များ မပြုန်းတီးစေရန် စည်းကမ်းသတ်မှတ်၍ ဖမ်းဆီးခွင့်မပြုသည့် ကာလကို ဆိုသည်။

(၃) **ရေပေါ်ရေလျှံ ရေလုပ်သားများ ငါးဖမ်းခွင့်အချိန်ကာလ** ဆိုသည်မှာ နှစ်ရှည်အငှားဂရန်အင်း(ကြေးတိုင်အင်း)၊ သီးသန့်အင်းနှင့် ဘောမဲ့အင်းတို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တွင် အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့်အချိန်ကာလနှင့် ငါးရစ်၊ ငါးသန်အချိန်ကာလမှလွဲ၍ ကျန်အချိန်ကာလများတွင် ဦးစီးဌာနက သတ်မှတ်သည့် အခွန်လွတ်ကိရိယာများဖြင့် ငါးဖမ်းခွင့်ပြုသော အချိန်ကာလကို ဆိုသည်။

(ဘ) **ရေချိုငါးလုပ်ငန်းနယ်နိမိတ်** ဆိုသည်မှာ ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)၊ သီးသန့်အင်း၊ ဘောမဲ့အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ တင်ဒါ၊ အင်း၊ အိုင်၊ ချောင်းတို့အား ရေချိုငါးလုပ်ငန်း ဧရိယာ နယ်မြေအဖြစ် **မြေပုံဖြင့်တိကျစွာ** သတ်မှတ်ထားသည့် နယ်နိမိတ်ကို ဆိုသည်။ (သို့ရာတွင် ဂရန်ပိုင်ရေနက်ကွင်းမှအပ ဦးပိုင်ရှိသော အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည် ရေချိုငါးလုပ်ငန်းနယ်နိမိတ်များ အကျုံးမဝင်ပါ။)

(မ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)၊ သီးသန့်အင်းဟုသတ်မှတ်ထားသော နေရာမှအပ အခြား ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင် ချထား၍ဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ယ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူကို ဆိုသည်။

(ရ) **ရေလုပ်သား** ဆိုသည်မှာ ငါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများကို အချိန်ပိုင်း ဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်နေသူကိုဆိုသည်။

(လ) **ရေပေါ်ရေလျှံရေလုပ်သား** ဆိုသည်မှာ ဘုံငါးဖမ်းကွက် သို့မဟုတ် ရေပေါ်ရေလျှံ ရေလုပ်သားများ လုပ်ကိုင်ခွင့်ရှိသည့် လုပ်ကွက်တွင် သက်ဆိုင်ရာဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်သည့် ရေလုပ်သားကိုဆိုသည်။

(ဝ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါ လိုင်စင်ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခငွေအနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခငွေကိုဆိုသည်။

(သ) **မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဖွဲ့စည်းသည့် ကော်မတီကိုဆိုသည်။

(ဟ) **ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့** ဆိုသည်မှာ ရပ်ရွာအတွင်း ငါးလုပ်ငန်း လုပ်ကိုင်လိုသူများမှ အသင်းဝင်များဖြင့် စုဖွဲ့ထားပြီး ကော်မတီဝင်များ ရွေးချယ်ကာ ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ငါးလုပ်ငန်းအစုအဖွဲ့ကိုဆိုသည်။

(ဠ) **ကော်မတီ** ဆိုသည်မှာ ရပ်ရွာအခြေပြုငါးဖမ်းလုပ်ငန်းအစုအဖွဲ့က ယင်းတို့၏လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် အစုအဖွဲ့ဝင်များဖြင့် ရွေးချယ်ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီကို ဆိုသည်။

## အခန်း ( ၂ )
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများနှင့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ စနစ်တကျ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးခြင်းနှင့် ရေသယံဇာတပျက်စီးခြင်းမှ ကာကွယ်တားဆီးရန်နှင့် တန်ဖိုးထားထိန်းသိမ်းစေရန်။

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်နှင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်းမှ ကာကွယ် စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီးအစိုးရက ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်၊

(စ) အများပြည်သူနှင့် ရေလုပ်သားများ၏ စားဝတ်နေရေး အထောက်အကူပြုစေရန်၊

(ဆ) ငါးသယံဇာတနှင့် ရေသယံဇာတများကို မျှတစွာ ခွဲဝေသုံးစွဲနိုင်စေရန်။

## အခန်း (၃)
## အငှားဂရန်၊ တင်ဒါလိုင်စင် ၊ ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်များ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုထားသော ငါးလုပ်ငန်း ရေပြင်မှအပ လေလံရောင်းချမည့် ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင် ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဝန်ကြီး၏သဘောတူညီချက်ဖြင့် ထုတ်ပေးရမည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီးမှတစ်ဆင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါအငှားဂရန် သို့မဟုတ် လိုင်စင်များကိုထုတ်ပေးရမည်-

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) အအေးခန်းစက်ရုံတည်ထောင်ခြင်း၊

(ဂ) ပြုပြင်မွမ်းမံစက်ရုံတည်ထောင်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း။

၉။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချခြင်း၊ တင်ဒါလိုင်စင်ချထားခြင်းနှင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ လုပ်ကိုင်ခွင့်အင်းအဖြစ် လျှောက်ထားလာပါက ငါးဖမ်းလုပ်ကွက်များ ချထားခြင်းတို့ကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီး၏ အတည်ပြုချက်ရယူရမည်။

၁၀။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် ပုဒ်မ ၉ အရ ဝန်ကြီး၏အတည်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၁၁။ အငှားဂရန်အင်းနှင့် တင်ဒါလိုင်စင်ချက်တို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလျှင် မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှစိစစ်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးရမည်။

၁၂။ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားမည့် လုပ်သားများအတွက် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ရေလုပ်သားမှတ်ပုံတင်လျှောက်ထားလာလျှင် ရေလုပ်သားမှတ်ပုံတင်ထုတ်ပေးရမည်။

(ခ) ရေပေါ်ရေလျှံ ရေလုပ်သားက ဘုံငါးဖမ်းကွက်နှင့် ရေပေါ်ရေလျှံ ရေလုပ်သား လုပ်ကိုင်ခွင့်ရှိသည့် လုပ်ကွက်တို့တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်လျှောက်ထားလာလျှင် ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

(ဂ) ရပ်ရွာအခြေပြုငါးဖမ်းလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းလိုသူများက အစုအဖွဲ့ မှတ်ပုံတင် လျှောက်ထားလာလျှင် မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ စိစစ်၍ ခရိုင်ဦးစီးဌာနမှူး၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်ပေးနိုင်သည်။

(ဃ) ရေထွက်ပစ္စည်းများကို ဒေသတစ်ခုမှ တစ်ခုသို့ သယ်ယူပို့ဆောင်ရာတွင် သတ်မှတ်နည်းလမ်းများနှင့်အညီ သယ်ယူခွင့်မြှောစာ ထုတ်ပေးရမည်။

## အခန်း ( ၄ )
## အခွန်အခများပေးဆောင်ခြင်း

၁၃။ ဂရန်အင်းလေလံ လုပ်ကိုင်ခွင့်ရရှိသူသည် ပေးသွင်းရမည့် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် ပေးသွင်းရမည်။

၁၄။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် ပေးသွင်းရမည်။

၁၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် -

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြား ကျသင့်သော အခွန်အခများကို ပြည်တွင်းသုံးငွေဖြင့် ပေးသွင်းရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ် ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားသုံးငွေဖြင့် ပေးသွင်းရမည်။

၁၆။ ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်း၊

(ခ) နိုင်ငံတော်အကျိုးအလို့ငှာ လုပ်ကိုင်သည့် ငါးလုပ်ငန်း။

## အခန်း (၅)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးသွင်းရမည်။

(ခ) ဤဥပဒေနှင့်အညီ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်နှင့် လိုင်စင်ပါစည်းကမ်း

ချက် များကိုလိုက်နာရမည်။

(ဃ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ဦးစီးဌာနနှင့် အတူ ပူးပေါင်း ကူညီဆောင်ရွက်ရမည်။

(င) မိမိလုပ်ငန်းတွင် ဦးစီးဌာန၌မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာခန့်ထား လုပ်ကိုင်စေရမည်။

(စ) မိမိ၏လုပ်ငန်းဆောင်ရွက်ရာတွင် အခြားသူများ၏ လုပ်ငန်းနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာမှုမရှိစေရေး ဂရုပြု လုပ်ဆောင်ရမည်။

(ဆ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ဒေသဆိုင်ရာ သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်လုပ်ကိုင်ရမည်။

၁၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်သည်။

## အခန်း ( ၆ )
## ဝန်ကြီး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ ဝန်ကြီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများစနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ခ) မြို့နယ် ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကိုဖွဲ့စည်းခြင်း၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့ကပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) ဦးစီးဌာနမှူးများ၏လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း။

၂၀။ ဝန်ကြီး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဂရန်အင်း (လေလံအင်း)၊ နှစ်ရှည် အငှားဂရန်အင်း (ကြေးတိုင်အင်း)၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ လုပ်ကိုင်နိုင်သည့် ငါးလုပ်ငန်းရေပြင်တို့ကို အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ငါးလုပ်ငန်းရေရှည်တည်တံ့စေရေးအတွက် သုတေသနလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများနှင့် ကွင်းဆင်းစစ်ဆေးစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ခွင့်ပြုခြင်း။

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုခြင်း၊

(ဃ) လုပ်ငန်းလုပ်ဆောင်ရာတွင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သော နည်းလမ်းဖြင့်ရယူထားကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင်သော်လည်းကောင်း မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၁။ ဝန်ကြီးသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၇)
## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ကြီးကြပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များနှင့် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ကြီးကြပ်ခြင်း၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဝန်ကြီးကပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးအား အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်လျက် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များမှ ရွေးချယ်ပေးသူများပါဝင်သည့် မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းကို ဥပဒေပါနည်းလမ်းများနှင့်အညီ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် မှတ်ပုံတင်ခွင့်ပြုခြင်း။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ခြင်း၊

(ခ) တားမြစ်ထားသည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်ခ၊ ငါးစိုခွန်၊ လေ့ခွန် ၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန် ရှိသော အခွန်အခများကို သတ်မှတ်ခြင်း။

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်၊ လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း၊

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသုံးကုန်များအား ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် နှင့်အညီထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်းတို့ကိုတာဝန်ပေးစစ်ဆေးခြင်း၊

(စ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဆ) အငှားဂရန်တစ်ခု၏ ငါးဖမ်းမည့်နေရာ ရွှေ့ပြောင်းခြင်း၊ ငါးဖမ်းကိရိယာ အမျိုးအစားများအား ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဇ) အငှားဂရန်၊ လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊

(ဈ) သတ်မှတ်ထားသည့် အင်းဂရန်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ငါးဖမ်းရန်ရှိပက ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဖမ်းဆီးရမည့်ကာလကို တိုးမြှင့်သတ်မှတ်ခွင့်ပြုခြင်း၊

(ည) အငှားဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် အသစ်သတ်မှတ်နိုင်ရေး ဝန်ကြီးအားတင်ပြဆောင်ရွက်ခြင်း၊

(ဋ) ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်သည့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား အမည်ပျက်စာရင်း ကြေညာခြင်း၊

(ဌ) ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်နှင့် သယ်ယူခွင့်လိုင်စင်များကို ထုတ်ပေးခြင်း။

၂၄။ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီမှုဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အငှားဂရန်၊ နှစ်ရှည်အငှားဂရန်၊ တင်ဒါ သို့မဟုတ် ငါးလုပ်ငန်း လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြား သင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများအား ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူကို ဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေး ဆောင်စေ၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

၂၅။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ပျက်စီး၊ ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူ လိုကြောင်း လျှောက်ထားလာပါက စိစစ်၍ သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မိတ္တူကိုထုတ်ပေးခြင်း၊

(ခ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်နှင့် သယ်ယူခွင့်လိုင်စင်များကို ထုတ်ပေးခြင်း၊

(ဂ) ဂရန်အင်း၊ သီးသန့်အင်း၊ အများနှင့်သက်ဆိုင်သော ဘုံငါးဖမ်းလုပ်ကွက် နယ်နိမိတ် ပြမြေပုံများကို သက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိနှိုင်း၍ ခေတ်နှင့်လျော်ညီစွာ ရေးဆွဲပြုစု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူရမည်၊

(ဃ) ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ဦးစီးဌာနသည် ဝန်ကြီး၏ခွင့်ပြုချက် ဖြင့် တစ်ခရိုင်လျှင် အင်းတစ်အင်းနှင့် တင်ဒါချက်တစ်ချက်ကို သုတေသနအင်းနှင့် သုတေသနတင်ဒါချက်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်သည်၊

(င) ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော အင်းခွန်၊ တင်ဒါ လိုင်စင်ကြေး၊ လိုင်စင်ခ၊ ဒဏ်ကြေးငွေနှင့် စရိတ်များကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရ ကောက်ခံရမည်။

## အခန်း ( ၈ )

## ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၆။ ရပ်ရွာအတွင်း ငါးလုပ်ငန်းကို အစုအဖွဲ့ဖြင့် လုပ်ကိုင်လိုသူများသည် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့ ဖွဲ့စည်းနိုင်သည်။ အစုအဖွဲ့၏ သင်းဖွဲ့စည်းမျဉ်းကို ရေးဆွဲနိုင်သည်။

၂၇။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် ယင်းတို့၏လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ရွေးချယ်ထားသော အစုအဖွဲ့ဝင်များ

ပါဝင်သည့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည်။

၂၈။ မြို့နယ်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့များ ဖွဲ့စည်း လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

၂၉။ ရပ်ရွာအခြေပြုငါးလုပ်ငန်းလုပ်ကိုင်လိုသော အစုအဖွဲ့များသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနတွင် မှတ်ပုံတင်ခွင့်လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တည်ထောင်လုပ်ကိုင် ခွင့်ကို မှတ်ပုံတင်ပေးရမည်။

၃၁။ မြို့နယ်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ လုပ်ကိုင်ရမည့် နယ်နိမိတ်၊ အချိန်ကာလ၊ ခွင့်ပြုကိရိယာအမျိုးအစားနှင့် စည်းကမ်းချက်များကိုလည်း သတ်မှတ်ထားရှိရမည်။ အင်းတစ်အင်းချင်းအလိုက် လိုက်နာရမည့် စည်းကမ်းချက်များကိုလည်း သတ်မှတ်ထားရှိရမည်။

၃၂။ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး ရမည်။

၃၃။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှုဖြစ်ပေါ်လာပါက ကော်မတီကတာဝန်ယူဖြေရှင်းပေး ရမည်။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ များကြားတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ခရိုင်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ် ငါးလုပ်ငန်းကြီးကြပ်ရေး ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ဖြေရှင်းရမည်။

၃၄။ မြို့နယ်ဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီတို့၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ မှတ်ပုံတင် ကိုပယ်ဖျက်နိုင်သည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိကြောင်း တင်ပြခြင်း၊

(ခ) ရပ်ရွာအခြေပြုရေလုပ်သားအစုအဖွဲ့တစ်ခုခုသည် တစ်စုံတစ်ဦးမှ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ ၎င်း၏အကျိုးစီးပွားအတွက် ချုပ်ကိုင်ခြယ်လှယ်ခြင်း သို့မဟုတ် ရပ်ရွာအတွင်း ကြီးမားသော ပဋိပက္ခဖြစ်ပေါ်စေနိုင်ခြင်း သို့မဟုတ် ထိုသို့ ဖန်တီးခြင်း၊ ခြိမ်းခြောက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

## အခန်း (၉)
## စစ်ဆေးခြင်း နှင့် အရေးယူခြင်း

၃၅။ ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနမှူးက ဖွဲ့စည်းထားသောအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ဝန်ကြီးက သီးခြားတာဝန်ပေးအပ်ချက်အရ တိုင်းဒေသကြီးအတွင်းရှိ ရေချိုငါးလုပ်ငန်းရေပြင် အတွင်းတွင်ဖြစ်စေ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်၊ ဝယ်ယူစုဆောင်းခြင်းလုပ်ငန်း အပါ အဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ရပ်တန့်စစ်ဆေးခြင်း၊ ဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ခ) လုပ်ငန်းတွင် ထားရှိရမည့် အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက် စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊ သိမ်းဆည်းခြင်း၊ ဓါတ်ပုံ မှတ်တမ်း ရယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့်ရေလုပ်သားများအား လိုအပ်လျှင် စစ်ဆေးမေးမြန်းခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုသည့် ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊

(င) ဖျက်သိမ်းရန်လိုအပ်သော ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ပြစ်မှုကျူးလွန် သူ၏ စရိတ်ဖြင့် ၎င်းကိုယ်တိုင် ဖယ်ရှားဖျက်ဆီးစေခြင်း သို့မဟုတ် ဦးစီးဌာနက ဖယ်ရှားဖျက်ဆီးခြင်း၊ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(ဆ) ဤဥပဒေအရ ရှာဖွေရာတွင် သိမ်းဆည်းရမိသည့် ပျက်စီးပုပ်သိုးလွယ်သော ရေထွက်ပစ္စည်းနှင့် အခြားပစ္စည်းများကို ထုခွဲ ရောင်းချပြီး ရောင်းရငွေကို ဘဏ္ဍာအပ်ငွေအဖြစ် ပေးသွင်းခြင်း။

## အခန်း ( ၁၀ )
## ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၆။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန်ရရှိသူ၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံပြန်အမ်းငွေလျှောက်ထားနိုင်သည်-

(က) နိုင်ငံတော်နှင့် တိုင်းဒေသကြီး၏အကျိုးငှာ အငှားဂရန်၊ နှစ်

ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်) သို့မဟုတ် တင်ဒါ လိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားနိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၃၇။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ-

(က) သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်ဘဲ သာမန်ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း၊

(ခ) နုံးမြေများတင်လာ၍ ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)များ တိမ်ကောပျက်စီးခြင်း၊

(ဂ) ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)အတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓါတုဗေဒ ပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ် ဖြစ်စေတတ်သော အခြားပစ္စည်းများကို အသုံးပြု၍ အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း သို့မဟုတ် လုယက်ခံရခြင်း။

၃၈။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၆ အရ လျှောက်ထားချက်ကို မှန်ကန်မှု ရှိ/ မရှိ စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့် အတူ အမှုတွဲပြုစု၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၃၈ အရ တင်ပြလာသည့် အမှုတွဲအား စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ ဆက်လက် တင်ပြရမည်။

၄၀။ ဝန်ကြီးသည် ပုဒ်မ ၃၉ အရ တင်ပြလာသည့် အမှုတွဲကို စိစစ်ပြီး ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(က) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည် ထုတ်ပေးရန် ဝန်ကြီး၏ ခွင့်ပြုချက် သို့မဟုတ် ငြင်းပယ်ချက်ကို ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က) အရ အကြောင်းကြားချက်

F4R

ကို မြို့နယ်ဦးစီး ဌာနမှူးထံ ပေးပို့ရမည်။

(ဂ) မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (ခ) အရ အကြောင်းကြားချက်ကို သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

(ဃ) မြို့နယ်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည် ထုတ်ပေးရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

## အခန်း ( ၁၁ )

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၄၂။ အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်လျှင် ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည်-

(က) ခွင့်ပြုသည့်ကာလကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်နှင့် ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်များ ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်နိုင်ကြောင်း ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိ၏လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်နှင့် ငါးလုပ်ငန်းဆိုင်ရာလိုင်စင်များကို ပြန်လည် အပ်နှံခြင်း၊

(င) အမည်ပျက်စာရင်းသတ်မှတ်ခံရခြင်း။

## အခန်း (၁၂)

## အယူခံခြင်း

၄၃။ (က) မြို့နယ်ဦးစီးဌာနမှူးက ငါးဖမ်းကိရိယာလိုင်စင်နှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ဃ) အယူခံရာတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ တိုင်းဒေသကြီး ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ထပ်မံ၍ အယူခံခွင့် မရှိစေရ။

၄၄။ (က) ခရိုင်ဦးစီးဌာနမှူးက အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်) နှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့်မှအပ ဝန်ကြီးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ထပ်မံ၍ အယူခံခွင့် မရှိစေရ။

(င) နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်) နှင့် စပ်လျဉ်း၍ ဝန်ကြီးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၄၅။ (က) နိုင်ငံခြားငွေဖြင့်လုပ်ကိုင်သည့် ရေချိုငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(င) ဝန်ကြီးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ တိုင်းဒေသကြီးအစိုးရ အဖွဲ့၏

အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း ( ၁၃ )
## တားမြစ်ချက်များ

၄၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန်၊ နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၄၇။ မည်သူမဆို ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါတို့ကိုမပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) လျှပ်စစ်ဓါတ်အားကိုအသုံးပြု၍ ငါးဖမ်းခြင်း သို့မဟုတ်အကျိုးဖျက်ဆီးခြင်း၊

(ဂ) တားမြစ်ထားသော ငါးဖမ်းနည်း ၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဃ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းခြင်း၊

(င) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

၄၈။ မည်သူမဆို လျှပ်စစ်ဓါတ်အားအသုံးပြုသည့် ငါးဖမ်းကိရိယာတစ်မျိုးမျိုးကို ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုရ။

၄၉။ မည်သူမဆို အင်းလေလံဆွဲဂယ်ပြီးနောက် သို့မဟုတ် နှစ်ရှည် အငှားဂရန် (ကြေးတိုင်အင်း) ချထားခြင်းခံရပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန် ၊ တင်ဒါကြေး ၊ လိုင်စင်ခ ၊ ဒဏ်ကြေးနှင့် အခြား အခွန်အခတို့ကို သတ်မှတ်သည့်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၅၀။ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိသူမှအပ မည်သူမျှ ဆည်၊ တမံ၊ ယင်း စသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း ၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုရ။

၅၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာ လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၅၂။ မည်သူမျှ အင်းအိုင် သို့မဟုတ် အင်းချောင်းနယ်နိမိတ်အတွင်းအောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေ ငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်းမကြီး၏ ရေစီးရေလာပျက်ပြားစေရန် အင်းအိုင်၏ သဘာဝအခြေအနေကို ထိခိုက်အောင်ပြုလုပ်ခြင်း၊

(ဂ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ခြုံချငါးဖမ်းခြင်း၊ ဗေဒါမွေး ငါးဖမ်းခြင်း၊

(ဃ) အင်းချောင်းလုပ်ငန်းအား ထိခိုက်စေမည့် သီးနှံစိုက်ပျိုးခြင်း။

၅၃။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးနှင့် ရေထွက်ပစ္စည်းများအား ဆိုးကျိုးဖြစ်ပေါ် စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် ပြုလုပ်ခြင်း။

၅၄။ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့၏ ဆက်စပ်နေသည့် ချောင်းမြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း၊ တူးမြောင်းများ တူးဖော်ခြင်းပြုရာတွင် ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅၅။ သုတေသနအင်း သို့မဟုတ် နှစ်ရှည်အငှား ဂရန်အင်း (ကြေးတိုင်အင်း) အတွင်း ငါးမျိုးချန်ခြင်း၊ တိုင်းရင်းငါးမွေးမြူခြင်းပြုသည့် နေရာများတွင် အင်းဂရန်ရရှိသူမှအပ မည်သူမျှဝင်ရောက် ငါးဖမ်းဆီးခြင်းမပြုရ။

၅၆။ မည်သူမျှ အောက်ပါ ရေထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း မပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သောရေထွက်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏အရည်အသွေးကိုထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော သို့မဟုတ် လူတို့ စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း၊ ဓာတုပစ္စည်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက်ပစ္စည်း၊

(ဂ) အလေးချိန်တိုးစေရန်သတ္တုနှင့် အခြားပစ္စည်းများ ထည့်သွင်းထားသော ရေထွက်ပစ္စည်း။

၅၇။ မည်သူမျှ ရေချိုငါးလုပ်ငန်းနယ်နိမိတ်အတွင်း၌ ငါးမွေးကန်ဖြင့်ဖြစ်စေ၊ ရေမြုပ်ခံသည့် ငါးကန်ဖြင့်ဖြစ်စေ၊ အခိုင်အမာ မြေကတုပ် အတားအဆီးဖြင့်ဖြစ်စေ ငါး၊ ပုစွန်များကို တစ်နည်းနည်းဖြင့် ဆွဲဆောင်၍ ဖမ်းဆီးမွေးမြူခြင်းမပြုရ။

၅၈။ မည်သူမျှတားမြစ်ထားသော ငါးမျိုးများကို မွေးမြူခြင်းနှင့် လက်ဝယ်ထားရှိခြင်းမပြုရ

## အခန်း ( ၁၄ )
## ပြစ်ဒဏ်များ

၅၉။ မည်သူမဆို ပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင် ပါက ထောင်ဒဏ် ၆ လ အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

( ခ) ရေချိုငါးလုပ်ငန်းရေပြင်တွင် အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ပါက ထောင်ဒဏ် ၃ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၀။ (က) မည်သူမဆို ပုဒ်မ ၄၉၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ကျခံစေရမည်။

(ခ) မည်သူမဆို ပုဒ်မ၅၆၊ ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိ ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) မည်သူမဆို ပုဒ်မ၅၄၊ ပုဒ်မ၅၅၊ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ

F2B

လျှင် ထိုသူအား ထောင်ဒဏ်၃နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၁။ အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် ချထားခြင်းခံရသူ သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းဆိုင်ရာလိုင်စင်ရရှိသူသည် ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ပက ထောင်ဒဏ် ၃လ အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

(ခ) အငှားဂရန်၊ နှစ်ရှည်အငှားဂရန် (ကြေးတိုင်အင်းဂရန်)၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ထောင်ဒဏ် ၆လအထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) အငှားဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း(ကြေးတိုင်အင်း)ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၃။ မည်သူမဆို ပုဒ်မ၅၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ

ဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၅၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်နိုင်သည်။

၆၄။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေး ကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ဤဥပဒေ တွင် ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ရန် အားထုတ်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် အများဆုံး ပြစ်ဒဏ်၏ထက်ဝက်အထိ ချမှတ်ခြင်းခံရမည်။

၆၆။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ယခင်ကပြစ်မှုထင်ရှားစီရင်ခြင်းခံရ သူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပက အဆိုပါပြစ်မှု၏ အများဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည် ။

## အခန်း ( ၁၅ )
## အထွေထွေ

၆၇။ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေး စီရင်ခြင်းမပြုရဟု ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ ဝန်ကြီး၏အရေးယူ ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၈။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံး တစ်ရုံးရုံးက ဤဥပဒေအရ ချမှတ်သောအမိန့်သည် ဤဥပဒေအရ ဝန်ကြီး၏အရေးယူဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၆၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဦးစီးဌာနမှူးက ယင်းတို့၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၇၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့စီမံဆောင်ရွက်ထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။

၇၁။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၇၂။ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရေချိုငါး လုပ်ငန်းဥပဒေ၊ အင်းအိုင်အက်ဥပဒေ၊ ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေနှင့် ယင်းဥပဒေများအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၃။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့် ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၄။ သက်ဆိုင်ရာ အစိုးရဌာနသည် ဂရန်အင်းအတွင်း ဖြတ်သန်း၍ ဆည်မြောင်းတူးမြောင်း၊ လယ်သမားတူးမြောင်း၊ ရပ်ရွာတူးမြောင်းနှင့်

ဆက်သွယ်ရေးတူးမြောင်းစသည့် တူးမြောင်းများ တူးဖော်လိုပါက ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၇၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ အင်းသားကြီး များ၏လုပ်ကိုင်ခွင့်ကာလ၊ ငါးရစ်ငါးသန်ကာလနှင့် ရေပေါ်ရေလျှံကာလတို့ကိုတိကျစွာသတ်မှတ်ပေးရမည်။

၇၆။ တိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့တွင် ရေချိုငါးလုပ်ငန်းရေပြင်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၏ အဆုံးအဖြတ်သည် အတည်ဖြစ်စေရမည်။

၇၇။ တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ် ပါက ပြည်ထောင်စုအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၉။ ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ (ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥပဒေ အမှတ် ၂ / ၂၀၁၂ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

--------------------------------

F1B

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
လှမိုးအောင်
ဝန်ကြီးချုပ်
ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့